# CAR CARE နှင့် WARDROBE တွင် ဝယ်ယူမှုများအတွက် လုပ်ငန်းစဉ်အသစ်များ

TS Marketplace ဖွင့်ပွဲအတွက် သင် စိတ်လှုပ်ရှားနေမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ အရသာရှိသော အစားအသောက်များအပြင်၊ Car Care နှင့် Wardrobe တွင် ငွေရှင်းသည့်စနစ်အသစ်တစ်ခုနှင့် လုပ်ငန်းစဉ်မွမ်းမံမှု အနည်းငယ် ရှိပါလိမ့်မည်။ TS Marketplace တွင် ဝန်ဆောင်မှုများအတွက် ငွေပေးချေရမည့်အစား၊ သင်သည် General Cashier Bank(အထွေထွေငွေကောင်ဘဏ်) (TS Marketplace အနီးရှိ Back of House(အနောက်ဖက်)ရှိ Cage ဧရိယာ) တွင် ပေးချေရမည်ဖြစ်သည်။ ဤသည်မှာ အချို့သောအသေးစိတ်အချက်များဖြစ်သည်။

## CAR CARE ဝန်ဆောင်မှုများ။

ရက်ချိန်းတစ်ခုရယူရန် ကြိုတင်ဖုန်းဆက်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ သင့် အလုပ်ဆိုင်းအတွင်း သင့်ကားအား ဝန်ဆောင်မှု ပေးနိုင်ရန်၊ ၎င်းအား နေ့လယ် ၂း၃၀ နာရီ သို့မဟုတ် အစောပိုင်းတွင် လာထားပါ။

ရွေးချယ်မှု ၁။ Post 5(ပို့စ် ၅) ဘတ်စ်ကားမှ လူဆင်းရန်ချပေးသောနေရာ၏ လမ်းတစ်ဖက်ရှိ ကားရပ်နားရာနေရာရှိ Car Care အကွက်များတွင် ကားရပ်ပါ၊ စာထည့်ရန်ပုံးတွင် စာအိတ်ကိုဖြည့်ပါ၊ သင်၏ သော့များထည့်ပြီး၊ စာထည့်ရန် ပုံးထဲသို့ထည့်ပါ၊ ထို့နောက် သင့်ကားအား လာယူရန် အသင့်ဖြစ်ကြောင်း အသိပေးရန် Car Care သို့ ဖုန်းခေါ်ဆိုပါ။

ရွေးချယ်မှု ၂။ Car Care တွင် ကားရပ်နားပြီး၊ အတွင်းဘက်ရှိ ဝန်ဆောင်မှုကောင်တာသို့ သွားရောက်၍ သင်၏သော့များ အား ထားခဲ့ပါ။ Post 5(ပို့စ် ၅)သို့ သင့်အား ပို့ဆောင်ရန် Car Care မှ ကိုယ်ပြီးယာဉ်ကို ခေါ်ပေးပါလိမ့်မည်။

ဝန်ဆောင်မှု ပြီးသည်နှင့်၊ Post 5(ပို့စ် ၅)ရှိ Car Care ကားရပ်နားရန်အကွက်များတွင် Car Careမှ သင့်ကားအား ပို့ဆောင်ထားပေးလိမ့်မည်ဖြစ်သည်။ ငွေပေးချေမှုနှင့် သော့ထုတ်ယူမှုအတွက် ၎င်းတို့သည် သင့်သော့များနှင့် ပြေစာ များကို General Cashier Bank(အထွေထွေငွေကောင်ဘဏ်)တွင် ထားခဲ့ပါလိမ့်မည်။ အထောက်အထားအတွက် သင် သည် သင်၏ အဖျူရောင် ဝန်ထမ်း ID တံဆိပ် လိုအပ်ပါလိမ့်မည်။

**မေးခွန်းများရှိပါသလား။ Car Care သို့ 315-829-8103 တွင် ဖုန်းခေါ်ဆိုပါ သို့မဟုတ် သင်၏ခေါင်းဆောင်အား မေးပါ။**

## WARDROBE ငွေပေးချေမှုများ။

ဖိနပ်များ၊ အသားကပ်ဘောင်းဘီ၊ မျက်နှာဖုံးများ/မျက်နှာအဖုံးအကာများနှင့် ထပ်ဆောင်း သို့မဟုတ် ပျက်စီးနေ သော ယူနီဖောင်းအပိုင်းအစများကို ဝယ်ယူရန်အတွက် Wardrobe သို့သွားရောက်ပါ။ Wardrobe အဖွဲ့သည် ပြေစာ တစ်စောင် သို့မဟုတ် ကုန်ကျစရိတ်နှင့် ပစ္စည်းစာရင်းအချက်အလက် စလစ်တစ်စောင်ကို ပေးပါလိမ့်မည်။ ငွေ ပေးချေရန် ၎င်းအား သင် General Cashier Bank သို့ ယူသွားရမည်ဖြစ်ပြီး၊သင် ပြေစာတစ်ခု ရရှိလိမ့်မည်ဖြစ်သည်။ သင်၏ဝယ်ယူမှုကိုရယူရန် သင့်ပြေစာနှင့်အတူ Wardrobe သို့ ပြန်သွားပါ။

အမှတ်များရယူရန်နှင့် ငွေပေးချေရာတွင် အမှတ်များကို အသုံးပြုရန်အတွက် သင့် ခရမ်းရောင် TS Loyalty ကတ်နှင့် ပင်နံပါတ် သင်၌ အဆင်သင့်ရှိကြောင်း သေချာစေပါ။ လက်ခံထားသော အခြား ငွေပေးချေမှုပုံစံများမှာ လက်ဆောင် ကတ်များ၊ အကြွေးဝယ်ကတ်များနှင့် ငွေသားဖြစ်သည်။

**မေးခွန်းများရှိပါသလား။ Wardrobe သို့ 315-361-7776 တွင် ဖုန်းခေါ်ဆိုပါ သို့မဟုတ် သင်၏ခေါင်းဆောင်အား မေးပါ။**